# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 12, 2020 | Volume 34, Number 7


**၁၂.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၂၈၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၉/- ကျပ် |
| CBM Rate | = ၁၃၇၂.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၉၂.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၈.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၇.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၉၅ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒီချုပ်အစိုးရသက်တမ်းအတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှု နှစ်ဆခန့်တိုးလာ



လက်ရှိအစိုးရသက်တမ်း လေးနှစ်ကျော်အတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှု နှစ်ဆနီးပါးတိုးတက်လာပြီး ကျပ်ဘီလီယံ ၉,၂၀၀ ကျော် ရင်းနှီးမြှုပ်နှံထားသည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ ၂၀၁၆ မတ်လတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ကျပ် ၁၁,၆၂၄ ဘီလီယံ ကျော်ရှိသော်လည်း ၂၀၂၀ ဇွန်လကုန်တွင် ကျပ် ၂၀,၈၇၁ ဘီလီယံကျော် မြင့်တက်ခဲ့သည်။ နိုင်ငံသားများ ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည်ကို ဖော်ပြနေသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

အစိုးရသက်တမ်း လေးနှစ်အတွင်း နိုင်ငံသားများ၏ အဓိကရင်းနှီးမြှုပ်နှံမှုက အိမ်ခြံမြေကဏ္ဍတွင်ဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအားဖြင့် ကျပ် ၂,၆၀၀ ဘီလီယံနီးပါးရှိသည်။ ဒုတိယရင်းနှီးမြှုပ်နှံမှု အများဆုံးမှာ ထုတ်ကုန်ကဏ္ဍဖြစ်ပြီး ကျပ် ၁,၅၅၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကာ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုက ကျပ် ၁,၁၀၀ ဘီလီယံကျော်ရှိသည်။

လယ်ယာကဏ္ဍနှင့် စိုက်ပျိုးရေးကို အဓိကထားသောနိုင်ငံတွင် လယ်ယာကဏ္ဍ၌ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုက အနည်းဆုံးဖြစ်သည်။ လက်ရှိအစိုးရလက်ထက်တွင် ကျပ် ၄၁ ဘီလီယံသာ ရင်းနှီးမြှုပ်နှံပြီး ၂၀၂၀ ဇွန်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ကျပ် ၉၀ ဘီလီယံကျော်သာရှိသည်။

**Source:** https://7day.news/detail?id=195330

## ပညာရေးကဏ္ဍအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ ကျပ်ဘီလျံ ၂၈၀၀ ခွင့်ပြုရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၂၈၉၅ ဘီလျံအထိ တိုးမြှင့်လျာထား

ပညာရေးကဏ္ဍအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ကျပ် ၂၈၀၀ ဘီလျံ ခွင့်ပြုရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၂၈၉၅ ဘီလျံအထိ တိုးမြှင့်လျာထားခဲ့ကြောင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ စီရင်ခံစာတွင် ဖော်ပြထားသည်။ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားသော ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာ အမှတ်စဉ် (၁၂/၂၀၂၀) တွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း၏ ထူးခြားချက်များအဖြစ်ဖော်ပြပါရှိသည်။ "ပညာရေးကဏ္ဍအတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၂၈၀၀ ဘီလျံခွင့်ပြုခဲ့ရာမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၈၉၅ ဘီလျံအထိ တိုးမြှင့်လျာထားခဲ့ပါသည်" ဟု ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစီရင်ခံစာတွင်၏ ဖော်ပြထားကြောင်းသိရသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်းများသည် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတော်ပညာသင်ဆုထောက်ပံ့ငွေနှင့် ပညာသင်စရိတ်အပါအဝင် ကျောင်းသားကျောင်းသူ အိပ်ဆောင်၊ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် ကျပ် ၁၉၇ ဒသမ ၆၈၉ ဘီလျံ၊ အခြေခံပညာကဏ္ဍတွင် ဗလာစာအုပ်များ ထောက်ပံ့ခြင်း (မူလတန်းအဆင့်)၊ ကျောင်း သုံးပုံနှိပ်(မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့်) အခမဲ့ဖြန့်ဝေခြင်းများ အပါအဝင် အခြေခံပညာ ကျောင်းများတွင် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ များအား အာဟာရ ကျွေးမွေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအတွက် ကျပ် ၆၂ ဒသမ ၅၃၁ ဘီလျံဖြစ်ကြောင်း အစီရင်ခံစာ တွင် ဖော်ပြထားသည်။

ထို့ပြင် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆောင်ရွက်သွားမည့် လူငယ်များ အလုပ်အကိုင် ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေး စီမံချက်အပါအဝင် လုပ်ငန်းခြောက်ခုအတွက် လျာထားသည့် အသုံးစရိတ်သည် ကျပ် ၁၃ ဒသမ ၇၄ ဘီလျံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းနှစ်ခုအတွက် ၁ ဒသမ ၂၂၅ ဘီလျံ၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ခုအတွက် ကျပ် သုည ဒသမ ၆၂ ဘီလျံဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီဌာနက ဆောင်ရွက်မည့် ပညာရေး သတင်းရုပ်သံလိုင်းများ ထုတ်လွှင့်ရာတွင် အသုံးပြုလျက်ရှိသော စက်ကိရိယာ တန်ဆာပလာပစ္စည်းများအတွက် Software ဝယ်ယူခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ အပါအဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ငါးခုအတွက် လျာထားသည့်အသုံးစရိတ်ကျပ် ၅ ဒသမ ၉၀၇ ဘီလျံ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနကဆောင်ရွက်မည့် အစိုးရနည်းပညာကောလိပ်များ၊ စက်မှုလက်မှုသိပ္ပံများနှင့် နည်းပညာအထက်တန်းကျောင်းများရှိ ကျောင်းသူကျောင်းသား ၂၆၂၃၈ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး အပါအဝင် အကြောင်းအရာ ခြောက်ခုအတွက် လျာထားငွေ ကျပ် ၉၆ ဒသမ ၇၆၂ ဘီလျံဖြစ်ကြောင်း အစီရင်ခံစာ၏ ကောက်နုတ်တင်ပြချက်တွင် ဖော်ပြပါရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ ဖွဲ့တို့၏ စိစစ်လျှော့ချမှုဇယားတွင် ပညာရေးဝန်ကြီးဌာန၏ လျာထားချက်များမှ စိစစ်လျှော့ချပြီး ကျန်ငွေသည် သာမန်အသုံးစရိတ် အတွက် ကျပ် ၂၀၇၂ ဒသမ ၈၂၄ ဘီလျံ၊ အရေးပေါ်ရန်ပုံငွေအတွက် ကျပ်သန်း ၅၀၀၊ အတိုးပေးငွေအတွက် ကျပ် ၉၂၁ ဒသမ ၁၆၁ သန်း၊ ထောက်ပံ့ငွေအတွက် ကျပ် ၅ ဒသမ ၅၆၃ ဘီလျံ၊ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ကျပ် ၇၉၃ ဒသမ ၇၇၁ ဘီလျံဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/186889

## ပြည်တွင်းပြည်ပ ခရီးသွားအများအပြား လာရောက်လည်ပတ်လေ့ရှိသည့် လောင်းလုံးကမ်းရိုးတန်းမှ စမ်းလှမ်းကျေးရွာနှင့်မြိတ်ကျွန်းစုအတွင်းရှိ စမတ်ကျွန်းတို့၌ ခရီးသွားလုပ်ငန်းအတွက်အသုံးပြုရန် Jetty များ တည်ဆောက်နေပြီး လာမည့်ခရီးသွားရာသီတွင် စတင်အသုံးပြုနိုင်မည်



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ယခုနှစ်ပိုင်းတွင် ပြည်တွင်းပြည်ပ ခရီးသွား အများအပြားလာရောက်လည်ပတ်လေ့ရှိသည့် လောင်းလုံးကမ်းရိုးတန်းမှ စမ်းလှမ်းကျေးရွာနှင့်မြိတ်ကျွန်းစုအတွင်းရှိ စမတ်ကျွန်းတို့တွင် ခရီးသွားလုပ်ငန်းအတွက် အသုံးပြုရန် Jetty များ တည်ဆောက်နေပြီး လာမည့်ခရီးသွားရာသီတွင် စတင် အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဒေသတွင်း ကမ်းခြေများနှင့်လောင်းလုံး ဘုတ်ကျွန်း ခရီးစဉ်တို့ဖြင့် နာမည်ရလာသည့် ထားဝယ်ခရိုင်အတွင်းရှိ လောင်းလုံးမြို့နယ်၌ ကျွန်းခရီးစဉ်များနှင့် ဒေသခံများ အသုံးပြုရန်အတွက် လောင်းလုံးမြို့အနီးရှိ စမ်းလှမ်းကျေးရွာတွင် ကျပ်သန်း ၁၅၀ ခန့်တန်ဖိုးရှိ ကွန်ကရစ် Jetty တစ်ခု၊ မြိတ်ခရိုင်ကျွန်းစုမြို့နယ်ရှိ မြိတ်ကျွန်းစုအတွင်းမှ စမတ်ကျွန်းတွင် ခရီးသွားများအသုံးပြုနိုင်ရန် ကျပ်သန်း ၁၀၀ တန်ဖိုး ရှိ Floating Jetty တစ်ခုကို ယခုနှစ်အစောပိုင်းမှ စတင်တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့်ခရီးသွားရာသီအစဖြစ်သည့် စက်တင်ဘာလကုန်ပိုင်း၌ စတင်အသုံးပြုနိုင်ဖွယ်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီး ဌာနမှသိရသည်။

"စမ်းလှမ်းကျတော့ ကွန်ကရစ် Jetty ပေါ့။ ဟိုဘက်ကျတော့ Floating Jetty ပေါ့။ စမတ်ကျွန်းက နည်းနည်းဝေးတယ်။ ဝေးတော့ မိုးတွင်းဆိုရင် ပြန်ဖြုတ်ပြီးသိမ်း။ နွေကျတော့မှ ခရီးသွားရာသီကျမှ ပြန်ပြီးသုံးပေါ့။ စမတ်ကျွန်းမှာတပ်တဲ့ Jetty ကျတော့ ခရီးသွားအတွက် သီးခြားဖြစ်သွားတာပေါ့။ ဒါပေမဲ့လည်း အဲဒီကျွန်းမှာလာပြီး ရေချိုယူမယ့်သူတို့ဆိုလည်း ဒီ Jetty ကို သုံးလို့ရတယ်။ ဒီဟာကတော့ ခရီးသွားအတွက် ရည်ရွယ်ပြီးတော့ ဒီ Jetty ကို ဆောက်ပေမဲ့လည်း စမ်းလှမ်းကတော့ ပင်လယ်ငါးရှာတဲ့လုပ်ငန်းကို အဓိကအသက်မွေးတော့ ငါးရှာတဲ့လှေတွေအကုန် သုံးလို့ရတာပေါ့။ အကုန်လုံးဘက်စုံသုံးလို့ ရတာပေါ့။ ခန့်မှန်းခြေကတော့ ကျွန်တော်တို့က ဘတ်ဂျက်အရ လာမယ့်စက်တင်ဘာလကုန်အပြီးပေါ့။ အခုဆို စမ်းလှမ်း ဆိုလည်း ၄၂ ရာခိုင်နှုန်းပေါ့။ ဟိုဟာ (စမတ်ကျွန်း) ကတော့ ၁၀ ရာခိုင်နှုန်းပေါ့။ သူကကျတော့ မြန်တယ်။ ကိုယ်လိုချင်တဲ့ပုံစံနဲ့ အတိုးအရှေအတွက်နဲ့အရောင်နဲ့ပေါ့။ ထိုင်းဘက်ကို အပ်လိုက်တာ။ အပ်လိုက်ပြီး ပစ္စည်းရောက်ပြီဆိုတာနဲ့ ဒီဟာကို တန်းပြီးတော့ ဆင်ရုံပဲဆိုတော့မြန်တယ်။ ၁၀ ရာခိုင်နှုန်းဆိုတာက ပစ္စည်းမရောက်သေးတဲ့အတွက် အော်ဒါမှာတာကို ပြထား တာပေါ့။ ပစ္စည်းရောက်တာနဲ့ ၅၀ ရာနှုန်း၊ ပစ္စည်းဆင်ပြီးတာနဲ့ ၁၀၀ ရာနှုန်းပြီးသွားမှာပေါ့။ သူကတော့ ချက်ချင်းပြီးမယ့် ကိစ္စပေါ့။ စမ်းလှမ်းကျတော့ လက်ရှိရေထဲမှာ ပိုင်သမားတွေ ရိုက်ဖို့စောင့်နေတယ်။ ပြီးခဲ့တဲ့ ၃-၄ရက်က မုန်တိုင်းရှိလို့ လုံးဝ လုပ်လို့မရဘူး။ ဒါမျိုးတွေပေါ့" ဟု တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီအေးကပြောကြားသည်။

စမ်းလှမ်းကျေးရွာ၌ တည်ဆောက်နေသည့် Jetty ကို ထားဝယ်ဒေသ၏ ပင်လယ်ထွက်ပေါက် တစ်ခုအဖြစ် ရည်ရွယ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒေသတွင်းကျွန်းခရီးသွားလုပ်ငန်းများနှင့် ရေလုပ်ငန်းအတွက်ပါ ဘက်စုံအသုံးပြုနိုင်ရန် ရည်ရွယ် ထားကြောင်း၊ အဆိုပါ Jetty မှာ ရေစူး ၁၅ မီတာခန့်အထိ အနက်ရှိပြီး တံတားအရှည်မှာလည်း မူလသတ်မှတ်ထားသည့် အရှည်ထက် ပေ ၈၀ ခန့် ပိုမိုရှည်လျားအောင် တည်ဆောက်ပေးထားကြောင်းသိရသည်။ တံတားတည်ဆောက်မှုပြီးဆုံးပါက တိုင်းဒေသကြီးအစိုးရထံအပ်နှံ၍ အစိုးရ၏စီမံမှုအတိုင်း ခရီးသွားလုပ်ငန်းနှင့်ဒေသခံများအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ စမ်းလှမ်း Jetty က SHAP ကုမ္ပဏီကတည်ဆောက်နေခြင်းဖြစ်ပြီး တံတားအရှည် ၁၅၆ ပေ x ၁၂ ပေ၊ ဆိပ်ခံတံတားအကျယ် ၄၂ ပေ x ၂၄ ပေ RC ကွန်ကရစ်အမျိုးအစားဆိပ်ခံတံတားကို ကျပ်သန်း ၁၄၉ ဒသမ ၅၀ သန်းဖြင့် တင်ဒါအောင်မြင်၍

လုပ်ကိုင်နေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/186882

## တားမြစ်ကုန်စည်၊ အကောက်ခွန်မဲ့ပစ္စည်းနှင့် ဆက်စပ်ယာဉ်နှင့် တိရစ္ဆာန်များကို ဒဏ်ငွေဆောင်ရွေးယူခွင့်ပြု

တားမြစ်ကုန်ပစ္စည်း၊ အကောက်ခွန်မဲ့ပစ္စည်းများနှင့် ဆက်စပ်သည့်ယာဉ်နှင့်တိရစ္ဆာန်များကို ပြည်သူပိုင်အဖြစ် သိမ်းယူရာမှ ဖြေလျှော့ကာ ပိုင်ရှင်ကို ဒဏ်ငွေဆောင်၍ ရွေးယူခွင့်ပြုကြောင်း အကောက်ခွန်ဦးစီးဌာနက ဩဂုတ်ဒုတိယပတ်တွင်ထုတ်ပြန်သည်။ အကောက်ခွန်ဦးစီးဌာန၏ ကြေညာချက်အရ သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ် ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်လျှင် တန်ဖိုးမည်မျှပင်ဖြစ်စေကာမူ အသုံးပြုသည့်ယာဉ် (သို့မဟုတ်) တိရစ္ဆာန်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သော်လည်း ပိုင်ရှင်ကဒဏ်ငွေဖြင့်ရွေးယူလိုကြောင်း လျှောက်ထားလာပါက တန်ဖိုးသတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါတန်ဖိုးသတ်မှတ်ရေးအဖွဲ့တွင် တိုင်းနှင့်ပြည်နယ်ရှိ အကောက်ခွန်ဦးစီးမှူး၏ အတည်ပြုချက်ယူ၍ သက်ဆိုင်ရာနယ်မြေရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ်) မွေးမြူရေး ကုသရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးအပါအဝင် အနည်းဆုံးလေးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။ "တန်ဖိုးစိစစ်ရမယ့် အဖွဲ့ထဲမှာတော့ ပြည်တွင်းအခွန်ဌာနပါတယ်။ ဒါပေမဲ့ဆုံးဖြတ်ချက်ကတော့ အကောက်ခွန်ဦးစီးဌာနက စိစစ်မှာဖြစ်တယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်ကပြောသည်။ တန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့က စိစစ်သတ်မှတ်သည့်ယာဉ် (သို့မဟုတ်) တိရစ္ဆာန်တန်ဖိုးကို တိုင်းနှင့်ပြည်နယ် အကောက်ခွန်ဦးစီးမှူးထံတင်ပြ၍ အတည်ပြုချက်ရယူရမည်ဖြစ်သည်။ ပိုင်ရှင်က ရွေးယူလိုသောယာဉ်၊ တိရစ္ဆာန်အတွက် ဒဏ်ငွေတပ်ရိုက်ရာတွင် သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ် တန်ဖိုးသည် တန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့က သတ်မှတ်ထားသည့် တန်ဖိုးထက်ကျော်လွန်ပါက သယ်ဆောင်သည့်ယာဉ်နှင့် တိရစ္ဆာန်တန်ဖိုး၏ တစ်ဆပေးဆောင်ရမည်ဖြစ်သည်။

ထို့အပြင် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသောယာဉ် (သို့မဟုတ်) တိရစ္ဆာန်တန်ဖိုးထက် လျော့နည်းပါက သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းစည်းကြပ်တန်ဖိုး၏ တစ်ဆ ဒဏ်ကြေးပေးရန် သတ်မှတ်သည်။ သို့သော် ပိတ်ပင်တားမြစ် ကုန်ပစ္စည်းနှင့်အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်သည် တရားမဝင် တင်သွင်းထားသည့်ယာဉ်ဖြစ်ပါက ၎င်းယာဉ်အားပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေပုဒ်မ ၁၆၇(၈)အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာန၏ ထုတ်ပြန်ထားချက်များအရ ဇွန်လတစ်လတည်း၌ပင် ကျပ်သန်း ၂,၃၀၀ ကျော်ရှိ တရားမဝင်ကုန်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါပစ္စည်းများတွင် မိုဘိုင်းဖုန်း၊ သစ်တောထွက်ပစ္စည်းများ အပါအဝင် တင်သွင်းခွင့်ပိတ်ပင်ထားသည့် ဆိုဒီယမ်ဆိုဒ်နိုက်နှင့် ဒီတိုနေတာများပါရှိသည်။

**Source:** https://7day.news/detail?id=195328

## ဓာတုဆိုးဆေးနှင့်တာရှည်ခံဆေးအသုံးပြုမှုများသည့် အစားအစာများကိုသတိပြုစားသုံးရန်လို

စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများပါဝင်သော အစားအသောက်ထပ်ဖြည့်ပစ္စည်းများကို တတ်နိုင်သမျှသတိပြုရှောင်ကြဉ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ အစားအသောက်ထပ်ဖြည့်ပစ္စည်း (Food Additive) ဆိုသည်မှာ အစားအသောက်၏ တာရှည်ခံမှု၊ လတ်ဆတ်မှု၊ အရသာ၊ အသွင်အပြင်၊ အရောင်အဆင်းတို့ကို ပြုပြင်ထိန်းသိမ်းရန်နှင့် အမြင်အားဖြင့် ပိုမိုကောင်းမွန်စေရန် အသုံးပြုသော ပစ္စည်းများကိုဆိုလိုသည်။ ထိုပစ္စည်းများသည် အာဟာရတန်ဖိုးမရှိသည့်အပြင် အများအားဖြင့် ကျန်းမာရေးကို ထိခိုက်စေသော ဆိုးကျိုးများသာဖြစ်ပေါ်စေ၍ ကျန်းမာရေးဌာနက ထိုသို့အသိပေးနှိုးဆော်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော အန္တရာယ်ရှိသည့် အစား

အသောက်ထပ်ဖြည့်ပစ္စည်းများမှာ စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများဖြစ်သည်။ အသုံးများသော စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးများမှာ လက်ဖက်များတွင်အသုံးပြုသော Auramine O (အဝါရောင်)၊ ငါးပိတွင် အသုံးပြုသော Rhodamine B (အနီရောင်)၊ ငရုတ်သီးမှုန့်နှင့် အရောင်တင်မှုန့်တို့တွင် အသုံးပြုသော Sudan Dyes (အနီ ရောင်)၊ ငရုတ်သီးမှုန့်နှင့်ယိုစုံများတွင်အသုံးပြုသော Orange II (လိမ္မော်ရောင်) စသည်တို့ဖြစ်သည်။ အဆိုပါဓာတုဆိုးဆေးများ စားသုံးခြင်းသည် အသည်းမှအင်ဇိုင်းများကို ပိုမိုထုတ်လုပ်စေကာ အသည်း၏ဆဲလ်များ ပိုမိုအလုပ်လုပ်စေသဖြင့် အသည်းအားဒဏ်ဖြစ်စေပြီး အချိန်ကြာလာသောအခါ အသည်းကင်ဆာကိုဖြစ်စေနိုင်သည်။ ထို့အပြင် ဦးနှောက်နှင့် အာရုံကြော၊ အသည်း၊ အစာအိမ်နှင့်အူလမ်းကြောင်းတို့ကို ထိခိုက်ပျက်စီးစေပြီး ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပွားစေနိုင်သည်။ အသုံး များသော အစားအသောက် တာရှည်ခံဆေးများမှာမူ ဖော်မယ်လင်၊ ဘိုရက်စ်(Borax)၊ ဆိုဒီယမ်နိုက်ထရိုက်နှင့် ဆိုဒီယမ် နိုက်ထရိတ်စသည်တို့ဖြစ်ပြီး ၎င်းတို့ကို ပဲသွေး၊ ပဲပြား၊ မုန့်ဖတ်၊ခေါက်ဆွဲနှင့် တာရှည်ခံအသားများ၊ ကြက်အူချောင်း၊ ဝက်အူချောင်းစသည်တို့တွင် ကြာရှည်ခံစေရန် သုံးစွဲလေ့ရှိသည်။

၎င်းတာရှည်ခံအသားများ၊ ကြက်အူချောင်း၊ ဝက်အူချောင်းများ အများအပြားစားသုံးမိပါက ထိုအရာများတွင်ပါဝင်သော နိုက်ထရိုက်နှင့်နိုက်ထရိတ်များသည် ကင်ဆာရောဂါအမျိုးမျိုးကိုဖြစ်ပေါ်စေနိုင်သည်။ ထို့အပြင် ရုတ်တရက်မိုက်နာခြင်း၊ အော့အန်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ကြောင့် အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သည်။

**Source:** https://7day.news/detail?id=195337

## ရန်ကုန် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၏အစုရှယ်ယာများအား နိုင်ငံခြားသားများ ဝယ်ယူခွင့်ပြုပြီး လေးလကျော်အတွင်း ကုမ္ပဏီသုံးခု၏ အစုရှယ်ယာအရေအတွက် ၄၄၄၀၀ ကျော်ကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ ဝယ်ယူထား




ရန်ကုန် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၏ အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူခွင့်ပြုပြီး လေးလကျော်အတွင်း ကုမ္ပဏီသုံးခု၏ အစုရှယ်ယာအရေအတွက် ၄၄၄၀၀ ကျော်ကို နိုင်ငံခြား သားရင်းနှီးမြှုပ်နှံသူများ ဝယ်ယူထားကြောင်း ရန်ကုန် စတော့အိတ်ချိန်း က ထုတ်ပြန်ထားသော စာရင်းများအရသိရသည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်မှစ၍ နိုင်ငံခြားသားများ၊ နိုင်ငံခြား အဖွဲ့အစည်းများကို ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများ၏ အစုရှယ်ယာများ ဝယ်ယူခွင့်ပြုခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၁ ရက် စာရင်းများအရ ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ ခြောက်ခုအနက် ကုမ္ပဏီသုံးခု၏ အစုရှယ်ယာ ၄၄၄၆၇ ခုကို ဝယ်ယူထားသည်။

ကုမ္ပဏီအလိုက် ဝယ်ယူထားသော အစုရှယ်ယာ ပမာဏများမှာ ပထမမြန်မာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက် (FMI) တွင် ၅၇၁၅ ခု၊ မြန်မာသီလဝါအက် (စ်) အီးဇက်ဟိုးလ်ဒင်းပတ်ပလစ်လီမိတက် (MTSH) တွင် ၃၃၃၇၂ ခု၊ Ever Flow River Group Public Co.,Ltd တွင် ၅၃၈၀ ခု ဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများ သတ်မှတ်ထားသည့် ဘဏ်စာရင်းများဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ကြေညာချက်အမှတ် (၄/၂၀၂၀) ဖြင့် အသိပေးကြေညာသည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) နှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) တို့ကို ထုတ်ပြန်၍ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ် ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်းသိရသည်။ ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) ၏ အပိုဒ် ၃ (က) အရ ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများ (တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ အပါအဝင်) အနေဖြင့်

ပထမဦးစွာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသို့သွားရောက်၍ ထောက်ခံစာရယူရန်လိုအပ်သည်။ ယင်းနောက် ပြည်တွင်း၌နေထိုင်သူဖြစ်ပါက Resident Kyat Account For Securities (R-KAS) နှင့် ပြည်ပတွင် နေထိုင်သူဖြစ်ပါက Non-resident Kyat Account For Securities (N-KAS) နှင့် Non-resident Foreign Currency Account For Securities (N-FAS) ဘဏ်စာရင်းများဖွင့်လှစ်ပြီးမှသာ Securities Company များတွင် Securities Account များ ဖွင့်လှစ်ရန်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများအနေဖြင့် ကော်မရှင်ကသတ်မှတ်ထားသည့် ဘဏ်စာရင်းများ အသီးသီးဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က မေတ္တာရပ်ခံ အသိပေး ကြေညာထားသည်။ ရန်ကုန် စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ် ပြုလုပ်ရာ၌ နိုင်ငံခြားသားပါဝင်ဆောင်ရွက်ရာတွင် ဘဏ်များလိုက်နာဆောင်ရွက်ရမည့်အချက်များကို နိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် ၃/ ၂၀၂၀ ညွှန်ကြားခဲ့ကြောင်းသိရသည်။

ငွေကြေးသက်သေခံလက်မှတ်လုပ် ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) နှင့် ညွှန်ကြားချက် အမှတ် ၁/၂၀၂၀ များအရ ပြည်တွင်း၌နေထိုင်သူ နိုင်ငံခြားသားနှင့် ပြည်ပတွင်နေထိုင်သူ နိုင်ငံခြားသားများအား ရန်ကုန်စတော့ အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရောင်းဝယ်ခွင့်ပြုမည်ဖြစ်သည်။ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀၊ အပိုဒ် ၁၉ အရ နိုင်ငံခြားသားများအနေဖြင့် အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ရာတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံငွေများ မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရငွေများ နိုင်ငံခြားသို့ပြန်လည်ပေးပို့ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုကို ခံယူရန် ဖြစ်ကြောင်း ညွှန်ကြားထားသည်။

**Source:** https://news-eleven.com/article/186878

## စိုက်ပျိုးမှုများပြားလာသည့်အတွက် ဒန့်သလွန်ဈေးကျဆင်း



စိုက်ပျိုးမှုများပြားလာသည့်အတွက် ဒန့်သလွန်ဈေးကျဆင်း နေကြောင်း ဒန့်သလွန်စိုက်တောင်သူများထံမှသိရသည်။ ဒန့်သလွန်ပင်ကို အခုစိုက်နေတာက နယ်စုံနေပြီ။ ရန်ကုန်သီရိမင်္ဂလာဈေးကြီးကို ဒန်သလွန်သီးနဲ့ တံတိုင်းကာလို့ရမယ်။ စိုက်တဲ့အရေအတွက်ကများပြီး ဝယ်လိုအားကနည်းတယ်လေ။ မျိုးစေ့ရောင်းတဲ့ သူတွေကလည်း ခိုင်မာတဲ့ဈေးကွက်မပေးနိုင်ဘူး။ ရန်ကုန်ဈေးကွက်တစ်ခုတည်းနဲ့တော့ ဘယ်လိုမှအဆင်မပြေဘူး။ နိုင်ငံခြားဈေးကွက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒန့်သလွန်ထွက်လာပြီဆိုရင် တောင်သူတွေ ကိုက်လောက်မယ့်ဈေးနဲ့ ဘယ်သူမှဝယ်မပေးနိုင်ဘူးလေဟု မန္တလေးတိုင်း၊ မြင်းခြံမြို့မှ ဒန့်သလွန်စိုက်တောင်သူ ဦးစံရွှေမြင့်ကပြောသည်။

ဆေးဖက်ဝင်၍ လူကြိုက်များသည့် သီးနှံတစ်ခုဖြစ်သော်လည်း ပြည်တွင်းပြည်ပဈေးကွက် တောင့်တင်းခိုင်မာမှု မရှိသေးသည့်အတွက် အရှုံးပေါ်သူများလည်းရှိလာသည်။ စိုက်ပျိုးရေးလုပ်တာက အလွဲအမှားမခံနိုင်ဘူးလေ။ လုပ်အားခ၊ သွင်းအားစု ကုန်ကျစရိတ်နဲ့မကိုက်ဘူး။ မျိုးစေ့နဲ့ပျိုးပင်ရောင်းသူကတော့ကိုက်တယ်။ စိုက်ပျိုးရေး တောင်သူအစစ်တွေက အပြောကောင်းရင် ယုံလွယ်တယ်။ သူတို့ဘဝမှာ တစ်နှစ်လွဲမှားရင်သွားပြီ။ ကျွန်တော်က လျှော်ဖြူပင်နဲ့ ဒန့်သလွန်ပင်ကို တွဲစိုက်ထားတာပါ။ အခုတော့ ဒန့်သလွန်ပင်တွေ ဖျက်ပစ်ရတော့မယ်။ တခြားသီးနှံပြောင်းစိုက်ဖို့ စဉ်းစားနေပါတယ်။ ဒန့်သလွန်မှာ အောင်မြင်မှုမရှိတော့ အထိနာခဲ့တယ်။ အခုမှ ဒန့်သလွန်စစိုက်နေတဲ့သူတွေကိုလည်း စာနာမိပါတယ်ဟု ၎င်းက ဆက်လက်ပြောသည်။ ဒန့်သလွန်ပင်ကို နှစ်စဉ် အောက်တိုဘာလ၊ နိုဝင်ဘာလတို့၌ စိုက်ပျိုးနိုင်ပြီး အပင်၏သဘာဝအရ မိုးများ ရေဝပ်ခြင်းကို မနှစ်သက်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/get_low_price_of_dram_stick

## ဩဂုတ်လအတွင်း ငရုတ်သီးအစိမ်းဈေးကွက် အတက်အကျကြမ်းနေ



၂၀၂၀ခုနှစ်၊ ဩဂုတ်လအတွင်း ငရုတ်သီးအစိမ်း ဈေးကွက်မတည်ငြိမ်ဘဲ ဈေးအတက်အကျကြမ်းနေကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။ ကိုဗစ်ဖြစ်တော့ နယ်စပ်ထွက်ပေါက်တွေပိတ်တာကြောင့် ငရုတ်သီးတွေက ပမာဏများများ မထွက်နိုင်ဘူး။ ပုံနေတာကြောင့်လည်းပါတယ်။ ငရုတ်သီးဈေးက ခန့်မှန်းရခက်တယ်။ ၂၁၀၀, ၁၆၀၀, ၁၄၅၀, ၁၃၅၀, ၁၁၀၀ ကျပ်ကနေ ဒီနေ့ညနေပိုင်းမှာ ၈၅၀ ကျပ် အထိကျသွားတယ်။ အနီက ရောင်းမထွက်လည်း ငရုတ်သီးခြောက်လှန်းလို့ရတော့ အဲ့ဒီလောက်ထိ ဈေးအတက်အကျမမြန်ဘူး။ အစိမ်းကအတက်အကျမြန်တာဟု ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။

မြန်မာနိုင်ငံနှင့်အပြိုင် ငရုတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် အိမ်နီးချင်းနိုင်ငံတချို့လည်းရှိနေသဖြင့် ရေရှည်ဈေးကွက်ကောင်းများ ရရှိနိုင်စေရန်အတွက် အရည်အသွေးပိုင်းကိုထိန်းချုပ်၍ စနစ်တကျစိုက်ပျိုးထုတ်လုပ်သင့်ကြောင်းသိရသည်။ ဝယ်လက်တွေက မြန်မာနိုင်ငံမှာစိုက်ပျိုးထုတ်လုပ်တဲ့ ငရုတ်သီးကိုတော့ ကြိုက်ကြတာများတယ်။ ဒါပေမဲ့ အရည်အသွေးထိန်းချုပ်ပြီး စနစ်တကျစိုက်ပျိုးမယ်ဆိုမှ ငရုတ်သီးတင်ပို့ရောင်းချနေတဲ့ တခြားနိုင်ငံတွေနဲ့အပြိုင် ရေရှည်ဈေးကွက်ကောင်းတွေ ရနိုင်မှာပါဟု ဒေါ်ဥမ္မာကျော်က ဆက်လက်ပြောသည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့အထိ ပေါက်ဈေးများအရ ငရုတ်သီးအစိမ်း တစ်ပိဿာလျှင် (၈၅၀) ကျပ်၊ ငရုတ်သီးအနီ တစ်ပိဿာလျှင် (၁၃၅၀) ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်နေသည်။

**Source:** https://greenwaymyanmar.com/posts/unstable_price_of_green_chili

## လိုင်စင်မဲ့ပိုးသတ်ဆေးဆိုင်များနှင့် တရားမဝင်ပိုးသတ်ဆေးများ ရောင်းချမှုများကိုအရေးယူမည်



ဈေးကွက်အတွင်း တရားမဝင်ပိုးသတ်ဆေးများကို စစ်ဆေးအရေးယူဆောင်ရွက်ရန်၊ စိုက်ပျိုးရေးသုံးဆေးဆိုင်များကို ကွင်းဆင်းစစ်ဆေး၍ တရားမဝင်ပိုးသတ်ဆေးများတွေ့ရှိပါက ပိုးသတ်ဆေးဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကို ဇူလိုင် ၂၂ ရက်က ညွှန်ကြားထားကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆေးရောင်းချသည့် လိုင်စင်ရပိုးသတ်ဆေးဆိုင် ၇၀၀ ကျော်ကို ပုံမှန်စစ်ဆေးမှုရှိပြီး လိုင်စင်မဲ့ပိုးသတ်ဆေးရောင်းချခြင်းနှင့် မှတ်ပုံတင်မထားသည့် တရားမဝင်ပိုးသတ်ဆေးများ ရောင်းချမှုရှိလျှင် သိမ်းဆည်းအရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးမင်းက မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။ “တရားမဝင် ပိုးသတ်ဆေးရောင်းချမှုမရှိအောင် မြို့နယ်ကို ခရိုင်က ကြီးကြပ်ပြီး လစဉ်စစ်ဆေးတာတွေရှိပါတယ်။ ပိုးသတ်ဆေးလိုင်စင် ရှိ၊ မရှိစစ်တယ်။ တိုင်တန်းမှုအပေါ်မှာ စစ်ဆေးတယ်။ တရားမဝင်ဆေးတွေ့ရင် သိမ်းဆည်းဖျက်ဆီးတာတွေလုပ်ပါတယ်။ တောင်သူတွေကိုလည်း တရားဝင် ဆေးတွေ သုံးစွဲတာကို ပညာပေးနေပါတယ်။ ဖရဲစိုက်ခင်းတွေမှာသုံးစွဲလို့ ဖမ်းဆီးထိန်းသိမ်းအရေးယူတာတွေရှိပါတယ်။ အထွေထွေ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ စည်ပင်၊ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးပါဝင်တဲ့ အဖွဲ့ဖွဲ့ပြီးစစ်ဆေးပါတယ်။ သွင်းအားစုတွေရဲ့ အရည်အသွေး၊ အလေးချိန်တွေ မှန်ကန်မှု ရှိ၊ မရှိကို တိုင်ကြားချင်ရင် အဝယ်ပြေစာနဲ့တကွ တိုင်ကြားလာရင် စစ်ဆေးပေးပါတယ်” ဟု ၎င်းက ပြောသည်။ ထို့ပြင် ဈေးကွက်အတွင်းရောင်းချနေသော သွင်းအားစုကုမ္ပဏီများ တာဝန်ခံမှုရှိစေရန် အရည်အသွေး၊ အလေးချိန် ဖော်ပြထားသည့် ကုန်ပစ္စည်းအညွှန်းများအတိုင်း ရှိ၊ မရှိကိုလည်း စစ်ဆေးပေးနေကြောင်းသိရသည်။

မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် နိုင်ငံအတွင်းတရားဝင်တင်သွင်းရောင်းချလိုသော ပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေနှင့်အညီ မှတ်ပုံတင်စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ရောင်းချခွင့်ရရှိသော မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေး

များ၏စာရင်းကို ppdmyanmar.org သီးနှံကာကွယ်ရေးဌာနခွဲ၏ အင်တာနက်စာမျက်နှာတွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြထားကြောင်းသိရသည်။

**Source:** https://www.thefarmermedia.com/news/15426

## ပြည်ပသို့ နံ့စားပြောင်းတင်ပို့မှုကောင်းမွန်ရန် စိုက်ပျိုးထုတ်လုပ်သူများမျှော်လင့်နေ

မြန်မာနိုင်ငံထွက် နံ့စားပြောင်းကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခဲ့ရာမှ ပြီးခဲ့တဲ့နှစ်ကစပြီး တရုတ်နိုင်ငံမှဝယ်ယူမှု လျော့နည်းလာတဲ့အတွက် ဈေးနှုန်းကျဆင်းလာပြီး ထိုင်းနိုင်ငံသို့ ပြောင်းလဲတင်ပို့ခဲ့ရတဲ့အတွက် ယခုနှစ်မှာတော့ တင်ပို့မှု ကောင်းမွန်လာဖို့ စိုက်ပျိုးထုတ်လုပ်သူတွေ မျှော်လင့်နေကြပါတယ်။ ယခုနှစ်အတွက် နံ့စားပြောင်းကို ဒီဇင်ဘာလမှာ ရိတ်သိမ်းထုတ်လုပ်မှုဖြစ်လို့ ပြည်ပတင်ပို့မှု ကောင်းမွန်ဖို့ မျှော်လင့်နေကြောင်း စိုက်ပျိုးထုတ်လုပ်သူ ဦးခင်မောင်က AMIA သို့ ပြောဆိုထားပါတယ်။

"အန်ကယ်တို့က နံ့စားပြောင်းကို အစေ့ခြွေပြီး တင်ပို့တာ။ ပြီးခဲ့တဲ့ နှစ်ကစပြီး တရုတ်ဘက်က အဝယ် နည်းသွားလို့ ထိုင်းဘက်ကို ပြောင်းပြီးတင်ပို့တာ။ ထိုင်းက ကြက်စာအတွက်ဝယ်တယ်" လို့ ဦးခင်မောင်က ဆိုပါတယ်။ "ခုနောက်ပိုင်း ပြည်တွင်းက အစာချက်လုပ်ငန်းတွေရဲ့ ပြောင်းဝယ်လိုအားလည်း မြင့်တက်လာတယ်" လို့ ၎င်းကပြောပါတယ်။ ပြည်တွင်းမှာတော့ ပြောင်းသီးနှံကို နှစ်စဉ် ပိုလျှံစွာ စိုက်ပျိုးထုတ်လုပ်နေပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ နှစ်စဉ် ဧကတစ်သိန်းကျော် စိုက်ပျိုးနေကြကြောင်းသိရှိရပါတယ်။

**Source: AMIA**

https://www.facebook.com/pissayainfo/?ref=py_c

## ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းထွက်ကုန်များကို နေပြည်တော်သမဝါယမအသင်းစုချုပ်မှ ဖြန့်ဖြူးရောင်းချပေး



တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များမှ ပို့ဆောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို သမဝါယမကဏ္ဍမှ အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်လီမိတက်နှင့် ချိတ်ဆက်၍ အောင်ပန်းမြို့နယ် နောင်တရားဒေသထွက် အာလူးပိသာချိန် ၅၀၀၀ နှင့် တောင်ကြီးမြို့နယ် ကျောက်တစ်လုံးဒေသထွက် ကြက်သွန်ဖြူပိသာချိန် ၁၀၀၀ ကို ဝယ်ယူကာ နေပြည်တော်နယ်မြေအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသားပြည်သူများထံသို့ ဒေသပေါက်ဈေး အာလူးတစ်ပိသာလျှင် ငွေကျပ် ၁၃၀၀ နှုန်းရှိသော်လည်း တစ်ပိသာလျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူဥတစ်လုံး တစ်ပိသာလျှင် ငွေကျပ် ၅၀၀၀ နှုန်းရှိသော်လည်း ငွေကျပ် ၂၂၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူအမြွှာထူး(၃) တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀ နှုန်းရှိသော်လည်း ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် No Profit, No Loss အစီအစဉ်ဖြင့် အမြတ်အစွန်းအဓိကမထားဘဲ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## တရုတ်နိုင်ငံ လယ်ယာထွက်ကုန် လက်ကားအရောင်းဈေးနှုန်းများ ဖြည်းဖြည်းချင်းမြင့်တက်လာ

တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် လက်ကားဈေးနှုန်းများသည် ဩဂုတ် ၁၁ ရက်တွင် ဖြည်းဖြည်းချင်း မြင့်တက်လာကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသရေးရာဝန်ကြီးဌာနအဆိုအရ သိရသည်။ တရုတ်လယ်ယာထွက်ကုန် လက်ကားဈေးနှုန်းညွှန်းကိန်းသည် ၁၁၈.၃၂ကို ရောက်ရှိပြီး ဩဂုတ် ၁၀ ရက်ကထက် ၀.၀၄ ပွိုင့်မြင့်တက်လာခဲ့သည်။ ဩဂုတ် ၁၁ ရက်နေ့လယ် ၂:၀၀ နာရီ ပျှမ်းမျှလက်ကားဈေးအနေဖြင့် တရုတ်နိုင်ငံတွင် အဓိကစားသုံးကြသည့် ဝက်သားဈေးမှာ ၀.၇ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ကီလိုဂရမ်လျှင် ၄၈.၈၈ယွမ် (၇ ဒေါ်လာခန့်) ရှိကာ ကြက်ဥဈေးမှာ ၃ ရာခိုင်နှုန်း ကျဆင်း၍ တစ်ကီလိုဂရမ်လျှင် ၈.၁၈ ယွမ်ရှိကြောင်းသိရသည်။

အဓိကစားသုံးကြသည့် ဟင်းသီးဟင်းရွက် ၂၈ မျိုး၏ လက်ကားဈေးနှုန်းသည်လည်း ဩဂုတ် ၁၀ ရက်နေ့ကထက် ၀.၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သလို သစ်သီး ၆ မျိုး၏ ဈေးနှုန်းလည်း မြင့်တက်ခဲ့သည်။ လက်ကားဈေးနှုန်းညွှန်းကိန်းသည် လယ်ယာထွက်ကုန်ဈေး ၂၀၀ ဝန်းကျင်တွင် ကောက်ယူထားသည့် အချက်အလက်များအရ ပြုစုထားခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ရေထွက်ကုန်များ၊မွေးမြူရေးထွက်ကုန်များ၊ အစေ့အဆန်၊ စားသုံးနိုင်သည့်ဟင်းရွက်ဆီများအပါအဝင် ပျှမ်းမျှကုန်စည်ဈေးနှုန်းများအပေါ်အခြေခံပြီးနေ့စဉ် နောက်ဆုံးရဈေးနှုန်းများဖြစ်ကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/china/agriculture/28973-2020-08-12-05-57-34

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အိန္ဒိယနိုင်ငံ၏ သွင်းကုန်အခွန်ကောက်ခံမှုအပေါ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းခြင်း

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာသွင်းကုန်များအပေါ် အိန္ဒိယနိုင်ငံ၏ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံနှင့် တရုတ်တိုင်ပေ (ထိုင်ဝမ်) တို့၏ လျှောက်ထားချက်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သည် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၂ ခုကို ၂၉.၇.၂၀၂၀ နေ့တွင် ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

Economic Times သတင်းဌာနမှဖော်ပြချက်အရ မိုဘိုင်းဖုန်းများအပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ထုတ်ကုန်များအား ပြည်ပမှတင်သွင်းရာ၌ အိန္ဒိယအစိုးရကချမှတ်ထားသည့် အခွန်ကောက်ခံမှုနှုန်းထားများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ၊ တရုတ်တိုင်ပေနှင့် ဥရောပသမဂ္ဂတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားမှုဖွင့်လှစ်ခဲ့ကြကြောင်း၊ ဂျပန်နိုင်ငံ၏ လျှောက်ထားမှုတွင် အရေးဆိုတင်ပြသည့်အချက် ၃၉ ရပ်ပါရှိပြီး တရုတ်တိုင်ပေနှင့် ဥရောပသမဂ္ဂတို့၏ အမှုတွဲဆိုမှုတွင် အဓိကတိုင်ကြားချက် ၆ ခုစီပါဝင်လျက်ရှိကြောင်း ၎င်းတို့က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တစ်ခုတည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြကြောင်း၊ သို့ရာတွင် တိုင်ကြားသည့် အကြောင်းအချက်အလက်များမှာ ကွဲပြားမှုရှိသဖြင့် အိန္ဒိယဘက်မှ ဖြေရှင်းရေးအဖွဲ့တစ်ခုဖြင့် တစ်ပေါင်းတည်းကိုင်တွယ် ဆောင်ရွက်မှုကိုကန့်ကွက်ခဲ့ကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံ၏ တောင်းဆိုချက်မှာ အိန္ဒိယကသဘောတူညီထားမှုမရှိသည့် Information Technology Agreement-II ပါ အချက်များအား လိုက်နာဆောင်ရွက်စေရန် အဓိကမျှော်လင့်ခြင်းသာဖြစ်ကြောင်းနှင့် အိန္ဒိယ၏အကောက်ခွန်လိုင်းများ ပြန်လည်စံကိုက်ညှိနေရာချထားရာတွင် မှားယွင်းမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် အခွင့်အရေးရယူလိုခြင်းသာဖြစ်ကြောင်းကိုလည်း တင်ပြခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ပြည်ပမှ မိုဘိုင်းဖုန်းများနှင့် အခြားသော ICT ပစ္စည်းများတင်သွင်းမှုအပေါ် အကောက်ခွန် ၁၀% ချမှတ်ကောက်ခံခဲ့ပြီး ၎င်းနှစ်တွင်ပင် ထပ်မံ၍ အကောက်ခွန် ၁၅% သို့ တိုးမြှင့်ခဲ့ပါသည်။ ထို့နောက် WTO အဖွဲ့ဝင် နိုင်ငံအများအပြားက ကန့်ကွက်နေသည့်ကြားမှပင် ၎င်းအခွန်အား ထပ်မံ၍ ၂၀% သို့ တိုးမြှင့်ခဲ့ရာ အမေရိကန်၊ ဂျပန်၊ ဥရောပသမဂ္ဂ၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်တိုင်ပေ၊ ကနေဒါ စသည်နိုင်ငံများက ဝိုင်းဝန်း ကန့်ကွက်ခဲ့ကြပြီး ယခုကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တိုင်ကြားမှု ပေါ်ပေါ်လာရခြင်းဖြစ်ပါ သည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံ၏ ICT သွင်းကုန်များအပေါ်ချမှတ်ထားသည့် အကောက်ခွန်နှုန်းထားများနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၃ ဖွဲ့ဖြင့် ကြားနာစစ်ဆေးမည်ဖြစ်ပြီး အကယ်၍အိန္ဒိယအနေဖြင့် အမှုရှုံးနိမ့်ခဲ့ပါက နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၅.၇ ဘီလီယံခန့် တန်ဖိုးရှိသော အီလက်ထရွန်းနစ်နှင့် ICT ပစ္စည်းများအား အိန္ဒိယသို့တင်ပို့

လျက်ရှိသည့် တရုတ်နိုင်ငံကသာ အဓိကအကျိုးဖြစ်ထွန်းဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံအခြေစိုက် Economic Times သတင်းဌာနက ရေးသားဖော်ပြထားပါသည်။

**Source:** WTO sets up 2 more dispute panels against India's import duties, 29 Jul 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## စင်ကာပူနိုင်ငံရှိ SMEs များအား အစိုးရ၏ ထောက်ပံ့မှုအစီအစဉ်များကို လျှောက်ထားနိုင်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် အကြံပြုဆွေးနွေးပေးမည်

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အနေဖြင့် စင်ကာပူအစိုးရမှ ပံ့ပိုးပေးလျက်ရှိသော အထောက်အပံ့ပြုမှုအစီအစဉ်များအနက် မိမိလုပ်ငန်းနှင့် အသင့်တော်ဆုံးဖြစ်နိုင်သည့်အစီအစဉ်များအား လျှောက်ထား ရယူနိုင်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် လမ်းညွှန် အကြံပြုပေးသောအစီအစဉ် (Online Adviser) ကို ၁၁ – ၈ – ၂၀၂၀ ရက်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

SMEs များထံမှ ကြားသိရသော တူညီမှုရှိသည့် တုံ့ပြန်ချက်များမှာ ၎င်းတို့ လျှောက်ထားခွင့်ရှိသော အစိုးရ၏ ထောက်ပံ့မှုအစီအစဉ်များမှ မည်သည့်အစီအစဉ်သည် ၎င်းတို့အတွက် အသင့်တော်ဆုံးဖြစ်သည်ကို မသိရှိသော အခက်အခဲဖြစ်ပါကြောင်း၊ ယခုကဲ့သို့ Online Adviser အစီအစဉ်ဖြင့် ဝန်ဆောင်မှုပေးရာတွင် လုပ်ငန်းအခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းမည့်မေးခွန်းများကို SMEs များ၏ ဖြေကြားချက်များအပေါ်မူတည်၍ သင့်တော်မည့် အထောက်အပံ့အစီအစဉ်များ လျှောက်ထားနိုင်ရေးအတွက် အကြံပြုပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ Minister of State ဖြစ်သူ Ms Low Yen Ling က ပြောကြားခဲ့ပါသည်။

စင်ကာပူတွင် SMEs များအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ဆွေးနွေးအကြံပြုရန်နှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသော SME စင်တာ (၁၁) ခုရှိပြီး၊ ယခု Online Adviser အစီအစဉ်က SMEs စင်တာများ၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအထိစာရင်းအရ ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်လိုကြသော SMEs များထံမှ "Productivity Solutions Grant" အတွက် လျှောက်လွှာ တင်သွင်းမှုပေါင်း ၁၈,၀၀၀ ကျော်ကိုလက်ခံရရှိခဲ့ပြီး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်လုပ်ငန်းများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်များ၏ ၈၀ ရာခိုင်နှုန်းအထိကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အစိုးရမှချေးငွေအပေါ် ၉၀ ရာခိုင်နှုန်းအထိ တာဝန်ယူပေးမည့် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ Enterprise Singapore (ESG) ၏ ချေးငွေအစီအစဉ်ကိုလည်း ၂၀၂၀ ခုနှစ်၊ မတ်လမှ ဇွန်လအတွင်းမှာပင် လုပ်ငန်းပေါင်း ၁၀,၆၀၀ ကျော်က စင်ကာပူဒေါ်လာ ၉.၄ ဘီလီယံနီးပါးကို ချေးငွေရယူခဲ့ကြကြောင်းနှင့် ထိုသို့ချေးငွေရယူခဲ့ကြသောလုပ်ငန်းများအနက် ၈၀ ရာခိုင်နှုန်းကျော်သည် နှစ်စဉ်ဝင်ငွေ စင်ကာပူဒေါ်လာ ၁၀ သန်းအောက်သာရှိသော အသေးစားနှင့်အငယ်စားလုပ်ငန်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source: The Business Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် မုန်တိုင်းများကြောင့် ရေလွှမ်းမိုးဖွယ်ရှိ

လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း တရုတ်နိုင်ငံ၏မြောက်ပိုင်းရှိ ဒေသအတော်များများ၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ မကြာခဏကြုံတွေ့ရကာ၊ ထိန်းချုပ်နေမှုများပြုလုပ်နေသော်လည်း ရေလွှမ်းမိုးမှုများနှင့်ကြုံတွေ့ရနိုင်ကြောင်း ရေဘေး အန္တရာယ်ထိန်းချုပ်ရေးအာဏာပိုင်များ၏ ပြောကြားချက်များအရသိရပါသည်။

ယခုရက်သတ္တပတ်အတွင်း တောင်ပိုင်းဒေသများ၌ မိုးရွာသွန်းမှုများ လျော့နည်းလာသော်လည်း မြောက်ပိုင်းဒေသရှိ နယ်မြေအများအပြားတွင် မိုးကြိုးမုန်တိုင်းများ စတင်ဖြစ်ပွားလျက်ရှိပါသည်။ ၎င်းဒေသများတွင် ဩဂုတ်လ (၁၁)ရက်နေ့နှင့် (၁၂)ရက်နေ့များ၌ မိုးရေချိန် (၁၀၀) မီလီမီတာမှ (၂၀၀)မီလီမီတာထိ ရွာသွန်းနိုင်သဖြင့် ရေလွှမ်းမိုးမှုများပါ ဖြစ်ပေါ်နိုင်ကြောင်း၊

ဒေသများအနက် ဂန်းဆုနှင့် ရှန်းရှီးပြည်နယ်များနှင့် ဘေကျင်းတို့တွင် ယေဘုယျအားဖြင့် မိုးရေချိန် (၂၀)မီလီမီတာမှ (၅၀)မီလီမီတာကြား ၊ ရာသီဥတု အလွန်အမင်းဆိုးရွားချိန်များတွင် မိုးရေချိန် (၇၀)မီလီမီတာကျော်လွန်နိုင်ကြောင်း အမျိုးသား မိုးလေဝသစင်တာက အပြာရောင်အဆင့် အနိမ့်ဆုံးသတိပေးချက်ကို ဩဂုတ်လ (၁၀)ရက်နေ့က ထုတ်ပြန်ကြေငြာထားပါသည်။

ထိုသို့သော မိုးရွာသွန်းမှုများကြောင့် Songhua နှင့် Liaohe မြစ်များ၊ Haihe မြစ်တောင်ပိုင်းဒေသများနှင့် မြစ်ဝါမြစ် အလယ်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လာနိုင်ကြောင်း ရေသယံဇာတဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်းက Rumbiaတိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် မြစ်အထက်ပိုင်းရှိ ဆည်များမှ ရေပိုများကိုဖောက်ချခဲ့ရာ တရုတ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်များ အဓိကစိုက်ပျိုးထုတ်လုပ်သည့် Shouguang မြို့ရှိ ဖန်လုံအိမ်ပေါင်း (၁၀၆,၇၀၀)ဖြင့် စိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက်များပျက်စီးခဲ့ရကာ ဟင်းသီးဟင်းရွက်ဈေးနှုန်းများ များစွာ မြင့်တက်သွားမှုများဖြင့် ကြုံတွေ့ခဲ့ရပါသည်။ ၎င်းဖြစ်ရပ်အပေါ်သင်ခန်းစာယူ၍ ယခုနှစ်တွင် အဓိကဆည်များ၏ ရေပိုရေလျှံများ ဖောက်ထုတ်ခြင်းနှင့် ရေမြောင်းများဖြင့် ရေပေးဝေမှုများကို ထိန်းကျောင်းကြပ်မတ်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိကဆည်များတွင် အရည်အသွေးမြင့် ကင်မရာအလုံး (၂၀၀)အား တပ်ဆင်၍ ကြပ်မတ်လျက်ရှိကာ၊ ရှိပြီး ရေပေးဝေနေသည့်နေရာ (၁၁,၀၀၀)အပြင် နောက်ထပ် (၂၁၁)နေရာကိုပါ ထည့်ပေါင်းလျက် ထိန်းကျောင်း ကြပ်မတ်နေကြောင်းသိရပါသည်။

တရုတ်နိုင်ငံ၏ မိုးလေဝသ သတိပေးချက်များတွင် ပြင်းထန်မှုအလိုက် အရောင် (၄)မျိုးဖြင့် ခွဲခြားထားပါသည်။ အနီရောင်မှာ အဆိုးရွားဆုံးဖြစ်၍ လိမ္မော်ရောင်မှာ ဒုတိယအဆင့်ပြင်းထန်မှုအရှိဆုံး၊ အဝါရောင်မှာ တတိယအဆင့်ပြင်းထန်မှုအရှိဆုံးနှင့် အပြာရောင်မှာ ပြင်းထန်မှုအနည်းဆုံးသတိပေးချက်ဖြစ်ပါသည်။

**Source:** China Daily (၁၁-၈-၂၀၂၀)နှင့် Xinhua (၁၀-၈-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## STOCK EXCHANGE (12.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,500 | 10,000 | 258 | 2,614,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,700 | 3,750 | 3,700 | 3,562 | 13,271,250 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 20 | 160,000 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 22,000 | 21,500 | 1,837 | 39,521,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 4 | 11,400 | 12,823,224 | 36,546 |
| EFR | 00006 | 3,000 | -100 | -3.23% | 3,050 | 3,050 | 3,000 | 48 | 146,350 | 19,977,223 | 59,932 |

## Market summary

As of 12th Aug. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.80 | -1.48 | -0.34% | 436.17 | 447.42 | 436.17 | 5,729 | 55,725,000 | 6 | 649,946 |

### Index chart




# Market Overview

As of 1:00 pm, 12th Aug. 2020

| MYANPIX | 436.80 ▼ 1.48 |
|---|---|
| Total Volume (shares) | 5,729 |
| Total Value (MMK) | 56 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,946 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 3,000 | ▼ 100 |